細 甸 文

ထိုင်ဝမ်နိုင်ငံသားနှင့်လက်ထပ်သောနိုင်ငံခြားသားအိမ်ထောင်ဖက်မူလနိုင်ငံစွန့်၍ထိုင်ဝမ်နိုင်ငံသားအဖြစ်လျှောက်ထားခြင်းနှင့် အိမ်ထောင်စုစာရင်းသွင်းယူခြင်းလုပ်ထုံးပြဇယား

ပြည်ထဲရေးဝန်ကြီးဌာန မှပြင်ဆင်သတ်မှတ်ခြင်း ၂၀၀၄ မတ်လ

လျှောက်ထားပုံအဆင့်ဆင့်	လျှောက်ထားရန်ဌာန	လိုအပ်သောစာရွက်စာတမ်းများမှာ-
လက်ထပ်စာချုပ်နှင့် လက်ထပ်မှတ်ပုံတင်ခြင်း	အိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာန	1.ပြည်တွင်း၌လက်ထပ်သူ(၁)လက်ထပ်စာချုပ်(၂)နိုင်ငံခြားသားအိမ်ထောင်ဖက်၏အမျိုးသားမှတ်ပုံတင်နှင့်ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးမှစစ်ဆေးပြီးသော လက်ထပ်စာချုပ်နှင့်တရုတ်ဘာသာပြန်ပြီးစာရွက် (၃) အိမ်ထောင်စုစာရင်း (၄)ထိုင်ဝမ်နိုင်ငံသားမှတ်ပုံတင်နှင့်တံဆိပ်တုံး 2.ပြည်ပ၌လက်ထပ်သူ(၁)ပြည်ပရှိထိုင်ဝမ်နိုင်ငံရုံးမှစစ်ဆေးပြီးသောလက်ထပ်စာချုပ်နှင့်တရုတ်ဘာသာပြန်ပြီးစာရွက် (၂)အိမ်ထောင်စုစာရင်း (၃)ထိုင်ဝမ်နိုင်ငံသားမှတ်ပုံတင်နှင့်တံဆိပ်တုံး (၄)နိုင်ငံခြားသားအိမ်ထောင်ဖက်၏အမျိုးသားမှတ်ပုံတင် (၅)အကယ်၍နိုင်ငံခြားသားအိမ်ထောင်ဖက်သည်ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်နှင့်အတူထိုင်ဝမ်နိုင်ငံသို့တစ်ပါတည်းလိုက်ပါမှတ်ပုံတင်ခြင်းမပြုနိုင်လျှင်ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးမှစစ်ဆေးပြီးသောထိုနိုင်ငံခြားသားအိမ်ထောင်ဖက်၏တရုတ်အမည်မှည့်ကြေညာလွှာကိုပူးတွဲတင်သွင်းရန်။ *ထိုင်ဝမ်နိုင်ငံသားနှင့်နိုင်ငံခြားရုံးမှကြေညာထားသောအထူးသတ်မှတ်ထားသောနိုင်ငံမှနိုင်ငံသားနှင့်လက်ထပ်ပါကပထမဦးဆုံးနိုင်ငံခြားသားအိမ်ထောင်ဖက်၏နိုင်ငံတွင် လက်ထပ်မှတ်ပုံတင်ရမည်။ထိုနောက်လက်ထပ်စာချုပ်ကိုတရုတ်ဘာသာပြန်ဆို၍ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးတွင်လူတွေ့အစစ်ဆေးခံလျှောက်ထားရန်။ထိုလူတွေ့စစ်ဆေးမှုခံယူအောင်မြင်ပြီးနောက်၎င်းရုံး၏ထောက်ခံချက်နှင့်သက်ဆိုင်ရာစာရွက်စာတမ်းများကိုတရုတ်ဘာသာပြန်ဆို၍လက်ထပ်မှတ်ပုံတင်ဆက်လက်လျှောက်ထားရန်။
နေထိုင်ခွင့်ဗီဇာ လျှောက်ထားခြင်း	-လျှောက်ထားသူသည်ပြည်ပတွင်ရှိပါက ပြည်ပရှိထိုင်ဝမ်နိုင်ငံရုံးသို့နေထိုင်ခွင့်ဗီဇာကိုတိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ -ထိုင်ဝမ်နိုင်ငံဝင်ခွင့်ဗီဇာဖြင့်ထိုင်ဝမ်နိုင်ငံသို့ဝင်ရောက်ပြီးဖြစ်ပါကနိုင်ငံခြားရေးရာဌာနသို့သွားရောက်ပြီးနေထိုင်ခွင့်ဗီဇာအဖြစ်ပြောင်းလဲထုတ်ပေးရန်လျှောက်ထားနိုင်ပါသည်။ *ရပ်နားခွင့်ရက်ပေါင်းမိဗအတက်၊"သက်တမ်းတိုးခြင့်နေထိုင်ခွင့်မရှိ""နေထိုင်ခွင့်ဗီဇာပြောင်းလဲလျှောက်ထားခွင့်မရှိ"စသောမှတ်ချက်များပါရှိသောဗီဇာဖြင့်ဝင်ရောက်လာသည့်အိမ်ထောင်ဖက်ဖြစ်ပါကနေထိုင်ခွင့်ဥပဒေနှင့်ကိုက်ညီလျှင်ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဌာနလက်အောက်ရှိရုံးခွဲများတွင်နိုင်ငံခြားသားနေထိုင်ခွင့်ကိုတိုက်ရိုက်လျှောက်ထားနိုင်ပါသည်။နိုင်ငံခြားရုံးနှင့်သက်ဆိုင်သောရုံးခွဲများတွင်လျှောက်ထားရန်မလိုအပ်ပါ။	1.ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်၏ (၃)လအတွင်းထုတ်ယူထားသောအိမ်ထောင်စုစာရင်းမိတ္တူမှန် (ထိမ်းမြားလက်ထပ်ကြောင်းမှတ်ပုံတင်ရှိပြီးပါကနိုင်ငံခြားသားအိမ်ထောင်ဖက်၏မည်သည့်နိုင်ငံသားဖြစ်ကြောင်း၊နာမည်မှလအမည်နှင့်မွေးနေ့သက္ကရာဇ်တို့ကိုရှင်းလင်းစွာဖော်ပြပါရှိရမည်။) 2. လျှောက်ထားသူနိုင်ငံခြားသားအိမ်ထောင်ဖက်၏သက်ဆိုင်ရာနိုင်ငံအစိုးရအသိအမှတ်ပြုလက်ထပ်မှတ်ပုံတင် (လက်ထပ်မှတ်ပုံတင်မရှိလျှင်လက်ထပ်စာချုပ်ပေးရန်) 3.လျှောက်ထားသူနိုင်ငံခြားသားအိမ်ထောင်ဖက်၏သက်ဆိုင်ရာနိုင်ငံအစိုးရအသိအမှတ်ပြုပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ(ထုတ်ပေးသည့်ရက်မှသက်တမ်းတစ်နှစ်အတွင်း) 4.လျှောက်ထားသူနိုင်ငံခြားသားအိမ်ထောင်ဖက်၏ ၃လအတွင်းစစ်ဆေးမှုပြုထားသောကျန်းမာရေးဆေးစစ်မှတ်တမ်းထောက်ခံစာ (နိုင်ငံခြားတွင်ဆေးစစ်ခံယူသူဖြစ်လျှင်ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏အသိအမှတ်ပြုသောဆေးစစ်မှုဖြစ်ရမည်။) 5. ပတ်စ်ပို့ (သက်တမ်းခြောက်လနှင့်အထက်ရှိရမည်။) 6.လတ်တလောခြောက်လအတွင်းရိုက်ယူထားသောနောက်ခံမပါသောဓာတ်ပုံ(၂)ပုံ [အမှတ်စဉ်(၂)မှ(၃)အထိလိုအပ်သောစာရွက်စာတမ်းများကိုပြည်ပ၌ဆောင်ရွက်လျှောက်ထားမှုပြုလုပ်မည်ဆိုပါကပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏ စစ်ဆေးမှုကိုခံယူရမည့်အပြင်တရုတ်လိုသို့မဟုတ်အင်္ဂလိပ်လိုဘာသာပြန်ဆောင်ထားမှုပြုထားရပါမည်။] [ပြည်ဝင်ခွင့်ဗီဇာဖြင့်ထိုင်ဝမ်သို့ဝင်ရောက်ထားသူသည်ပြည်ဝင်ခွင့်ဗီဇာသတ်မှတ်ကာလထက်ကျော်လွန်နေပါကပြည်ပသို့ချက်ချင်းထွက်ခွာပေးရမည်။နေထိုင်ခွင့်ဗီဇာလျှောက်ပိုင်ခွင့်မရှိပေ။]
နိုင်ငံခြားသား နေထိုင်ခွင့် လျှောက်ထားခြင်း	ပြည်ထဲရေးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးရုံးခွဲ အသီးသီး	1.နေထိုင်ခွင့်ဗီဇာဖြင့်ထိုင်ဝမ်သို့ဝင်ရောက်သူ၊နိုင်ငံခြားသားနေထိုင်ခွင့်လျှောက်ထားခြင်း၊လျှောက်လွှာပုံစံတွင်ရေးသားဖြည့်စွက်ပြီး၊ရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓာတ်ပုံ(၁)ပုံပေးရပါမည်။(ဓာတ်ပုံအမျိုးအစားသတ်မှတ်ချက်အတွက်http://www.ris.gov.twတွင်ဝင်ရောက်ကြည့်ရှုရန်) ၂။ပတ်စ်ပို့နှင့်ပြည်ဝင်ခွင့်ဗီဇာမူရင်းနှင့်မိတ္တူကိုအဆောင်ရပါမည်။(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်) ၃။နေထိုင်ခွင့်ဗီဇာလျှောက်ထားခြင်းအတွက်-ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်မှလက်ထပ်မှတ်ပုံတင်မှုကိစ္စလုပ်ဆောင်ပြီးမှရယူထားသောအိမ်ထောင်စုစာရင်း(သို့)အမျိုးသားမှတ်ပုံတင်(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်)၄။နေရပ်လိပ်စာအထောက်အထား ၅။လျှောက်လွှာခ(နေထိုင်ခွင့်တစ်နှစ်သက်တမ်းအတွက်NT$1000၊နှစ်နှစ်အတွက်NT$2000၊သုံးနှစ်အတွက်NT$3000ဖြင့်ပေးဆောင်ရပါမည်။) 2.ရပ်နားခွင့်ရက်ပေါင်းမိဗအတက်၊ ဗီဇာဌာနမှအခြားတစ်စုံတစ်ရာကန့်သတ်ချက်မှတ်ချက်မပါရှိသောဗီဇာဖြင့်ဝင်ရောက်သူ ၁။နိုင်ငံခြားသားနေထိုင်ခွင့်လျှောက်လွှာပုံစံတစ်စုံတွင် ရေးသားဖြည့်စွက်ပြီး၊ရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓာတ်ပုံ(၁)ပုံပေးရပါမည် ၂။ပတ်စ်ပို့နှင့်ပြည်ဝင်ခွင့်ဗီဇာမူရင်းနှင့်မိတ္တူကိုအဆောင်ရပါမည်။(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်) ၃။လတ်တလောသုံးလအတွင်းကျန်းမာရေးဆေးစစ်မှုအောင်မြင်ကြောင်းထောက်ခံစာ(အကယ်၍နိုင်ငံရပ်ခြား၌ဆေးစစ်မည်ဆိုပါကပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏ထောက်ခံမှုရယူရမည်ဖြစ်ပါသည်) ၄။ပြည်တွင်းပြည်ပပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ(အကယ်၍လျှောက်ထားသူသည်ထိုင်ဝမ်သို့ပထမဦးဆုံးအကြိမ်လာရောက်သူဖြစ်ပါကထိုင်ဝမ်ပြည်တွင်းအတွက်အဆိုပါထောက်ခံစာပြသရန်မလိုအပ်ပေ) ၅။နေထိုင်ခွင့်ဗီဇာလျှောက်ထားခြင်းအတွက်-ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်မှလက်ထပ်မှတ်ပုံတင်မှုကိစ္စလုပ်ဆောင်ပြီးမှရယူထားသောအိမ်ထောင်စုစာရင်း(သို့)အမျိုးသားမှတ်ပုံတင်(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်) ၆။နေရပ်လိပ်စာအထောက်အထား ၇။လျှောက်လွှာခ(နေထိုင်ခွင့်တစ်နှစ်သက်တမ်းအတွက်NT$1000၊သုံးနှစ်အတွက်NT$3000 အပိုကြေး NT$2200 ထပ်ဆောင်းပေးဆောင်ရပါမည်။) * ယာယီနေထိုင်စဉ်ကာလအတွင်းနေထိုင်ရာနေရပ်လိပ်စာအပြောင်းအလဲရှိပါက ပြောင်းရွှေ့ပြီး ၁၅ရက်အတွင်း လိပ်စာအသစ်ပြောင်းလျှောက်ထားရမည်။
"ထိုင်ဝမ်နိုင်ငံသားလျှောက်ဆဲမှတ်ပုံတင်" လျှောက်ထားရန်-လျှောက်လွှာတင်မည့်ရက်မတိုင်ခင်ထိုင်ဝမ်နိုင်ငံတွင်း၌တရားဝင်ဆက်တိုက်နေထိုင်မှု၃နှစ်နှင့်အထက်ရှိရမည့်အပြင်တစ်နှစ်လျှင်ရက်ပေါင်း(၁၈၃)နှင့်အထက်နေထိုင်မှုရှိသူဖြစ်ရပါမည်။	နေထိုင်သည့်နေရပ်နှင့် သက်ဆိုင်သောအိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာနမှ သက်ဆိုင်ရာတိုင်းဦးစီးရုံးသို့ပေးပို့ပြီးထိုမှတဆင့်ပြည်ထဲရေးဌာန၏ ခွင့်ပြုချက်ရယူရန်	1."ထိုင်ဝမ်နိုင်ငံသားလျှောက်ဆဲမှတ်ပုံတင်" လျှောက်လွှာ(ရုံးသို့လူကိုယ်တိုင်သွားရောက်ယူထားသော/ကွန်ပျူတာနှင့်ပုံနှိပ်ထုတ်ထားသောလျှောက်လွှာစာရွက်)နှင့်လတ်တလောနှစ်နှစ်အတွင်းရိုက်ထားသောရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓာတ်ပုံ(၁)ပုံ(ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်လျှောက်ထားသည့်ဓာတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။) 2. သက်တမ်းရှိသောတရားဝင်နိုင်ငံခြားသားနေထိုင်ခွင့်မှတ်ပုံတင် (သို့) နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်မှတ်ပုံတင် 3. နိုင်ငံခြားသားနေထိုင်ခွင့်မှတ်ပုံတင် (ထိုင်ဝမ်နိုင်ငံ၌သတ်မှတ်ထားသောတရားဥပဒေပုဒ်မ(၄)နှင့်ပုဒ်မ(၆)တွင်ဖော်ပြထားသောစည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီမှုရှိရမည်။) 4. ထိုင်ဝမ်နိုင်ငံတွင် ဘဝရပ်တည် နေထိုင်နိုင်ကြောင်း လုံလောက်သော ရပ်တည်နိုင်စွမ်း(သို့) ကိုယ်ပိုင် အသက်မွေးနိုင်မှုသည်အထောက်အထား (နိုင်ငံတွင်းမွေးထားသည့်ဥပဒေအမှတ်စဉ်(၇)နှင့်ကိုက်ညီမှုရှိရမည်၊"永久居留證"အမြဲနေထိုင်ခွင့်မှတ်ပုံတင်ရှိပြီးသောသူဖြစ်လျှင်ထိုအထောက်အထားပေးရန်မလိုအပ်ပါ။) 5. ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်နှင့်လက်ထပ်မှတ်ပုံတင်မှုပြုလုပ်ပြီးအိမ်ထောင်စုစာရင်းမူရင်း (မူရင်းကို စစ်ဆေးမှု ပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်။) ထိုင်ဝမ်နိုင်ငံသားနှင့်လက်ထပ်သောအိမ်ထောင်ဖက်သည်ပြည်တွင်း၌အိမ်ထောင်စုစာရင်းမဝင်ရသေးလက်ထပ်မှတ်ပုံတင်လည်းမပြုလုပ်ရသေးသူဖြစ်လျှင်လက်ထပ်မှတ်ပုံတင်အထောက်အထားစာရွက်စာတမ်းပူးတွဲတင်ပြရမည်။ (ထိုအထောက်အထားသည်ပြည်ပမှဖြစ်လျှင်ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏အစစ်အဆေးခံရမည်၊တရုတ်ဘာသာမဟုတ်သောစာရွက်စာတမ်းများကိုပြည်ပရှိထိုင်ဝမ်နိုင်ငံရုံး(သို့)ပြည်တွင်းရှိရုံးတော်၏အစစ်အဆေးခံပြီးတရုတ်လိုဘာသာပြန်ထားသောထောက်ခံစာ) ထိုင်ဝမ်နိုင်ငံသားနှင့်နိုင်ငံခြားသားအိမ်ထောင်ဖက်နှစ်ဦးစလုံး၏အမျိုးသားမှတ်ပုံတင်၊ ထိုင်ဝမ်နိုင်ငံတွင်း၌လက်ထပ်ပါကနိုင်ငံခြားသားအိမ်ထောင်ဖက်၏ ပြည်ပရှိထိုင်ဝမ်နိုင်ငံရုံး၏အစစ်အဆေးခံပြီးအိမ်ထောင်ရေးအခြေအနေပြတရုတ်လိုဘာသာပြန်ထောက်ခံစာ။ 6.ထိုင်ဝမ်နိုင်ငံသားခံယူမည့်သူ၏ထိုင်ဝမ်နိုင်ငံတွင်းသုံးဘာသာစကားကျွမ်းကျင်မှုရှိမှုနှင့်နိုင်ငံသားတစ်ဦး၏အခွင့်အရေးနှင့်တာဝန်သိရှိနိုင်ငံသားတစ်ဦးလိုက်နာကျင့်ကြံနေထိုင်ရမည့်တာဝန်ဝတ္တရားတို့ကိုသိရှိကြောင်းအထောက်အထားစာရွက်စာတမ်း။ 7. လျှောက်လွှာခ NT$200. (ကျသင့်ငွေကို စာတိုက်မှတဆင့် လက်ခံသူ = ပြည်ထဲရေးဌာန "內政部" နာမည်ဖြင့် ငွေလွှဲပေးပါရန်) *လျှောက်ထားသူ၏နိုင်ငံအဝင်/အထွက်မှတ်တမ်း၊ပြစ်မှုကင်းရှင်းကြောင်းဆိုင်ရာမှတ်တမ်းနှင့်ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်၏ လက်ထပ်မှတ်ပုံတင်ပြီးသားအိမ်ထောင်စုစာရင်း တို့ကို အိမ်ထောင်စုစာရင်းရုံးမှသက်ဆိုင်ရာအရာရှိမှစစ်ဆေးပါမည်။ *ထိုင်ဝမ်နိုင်ငံသားလျှောက်ဆဲမှတ်ပုံတင်သည်ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်အဖြစ်သတ်မှတ်လို့မရပါ၊အဆိုပါထိုင်ဝမ်နိုင်ငံသားလျှောက်ဆဲမှတ်ပုံတင်၏သက်တမ်းမှာနှစ်နှစ်သာဖြစ်ပါသည်။မူလနိုင်ငံ၌ပိုနိုင်ငံသားစွန့်လျှောက်ထားရန်အတွက်အသုံးပြုရန်သက်သက်သာဖြစ်ပါသည်။အကယ်၍မူလနိုင်ငံမှအစိုးရသည်အဆိုပါအထောက်အထားကိုမတောင်းဆိုလျှင် "ထိုင်ဝမ်နိုင်ငံသားလျှောက်ဆဲမှတ်ပုံတင်" လျှောက်ထားရန်မလိုအပ်တော့ပါ။ (နိုင်ငံသားဆိုင်ရာတရားဥပဒေအမှတ်စဉ် ၁၀) * နိုင်ငံစွန့်အထောက်အထားရပြီးမှထိုင်ဝမ်နိုင်ငံသားလျှောက်ရန်လုပ်ထုံးနှင့်အညီဆက်လက်လျှောက်ထားရမည်။
မူလနိုင်ငံသားအဖြစ်မှစွန့်လွှတ်ကြောင်းလျှောက်ထားခြင်း	မူလနိုင်ငံမှအစိုးရဌာန (သို့)ထိုင်ဝမ်တွင်ရုံးဆိုက်သောနိုင်ငံခြားသံရုံးနှင့် ဆက်သွယ်ရန်	*မူလနိုင်ငံသားအဖြစ်မှစွန့်လွှတ်ရန်လျှောက်ထားမှုကိစ္စ ကို မူလနိုင်ငံမှအစိုးရဌာန (သို့) ထိုင်ဝမ်တွင်ရုံးဆိုက်သောနိုင်ငံခြားသံရုံး နှင့်ဆက်သွယ်ရန် *ထိုင်ဝမ်တွင်ရုံးစိုက်သောနိုင်ငံခြားသံရုံး(သို့)အာဏာရအဖွဲ့အစည်းမှထုတ်ပေးသောနိုင်ငံသားအဖြစ်မှစွန့်လွှတ်ကြောင်းစာရွက်စာတမ်းသည်နိုင်ငံခြားရေးရာရုံး၏ စစ်ဆေးမှုထပ်မံခံယူရမည်။ပြည်ပတွင်လျှောက်ထားပါကပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏ စစ်ဆေးမှုခံပြီးနောက်နိုင်ငံခြားရေးဌာန၏ထပ်မံစစ်ဆေးမှုကိုခံရမည်။(နိုင်ငံသားအက်ဥပဒေ ၁၇ အရ) (စစ်ဆေးမှုခံယူပုံအသေးစိတ်ကိုနိုင်ငံခြားရေးရာရုံးနှင့်သက်ဆိုင်သောရုံးခွဲအသီးသီးသို့စုံစမ်းမေးမြန်းနိုင်ပါသည်။)
"နိုင်ငံသားအဖြစ်လျှောက်ထားခြင်း" လျှောက်လွှာတင်မည့်ရက်မတိုင်ခင်ထိုင်ဝမ်နိုင်ငံတွင်း၌တရားဝင်ဆက်တိုက်နေထိုင်မှု၃နှစ်နှင့်အထက်ရှိရမည့်အပြင်တစ်နှစ်လျှင်ရက်ပေါင်း(၁၈၃)နှင့်အထက်နေထိုင်မှုရှိသူဖြစ်ရပါမည်။	နေထိုင်သည့်နေရပ်နှင့် သက်ဆိုင်သောအိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာနမှ သက်ဆိုင်ရာတိုင်းဦးစီးရုံးသို့ပေးပို့ပြီးထိုမှတဆင့်ပြည်ထဲရေးဌာန၏ ခွင့်ပြုချက်ရယူရန်။	1.နိုင်ငံသားအဖြစ်လျှောက်ထားခြင်းအတွက်လျှောက်လွှာ(ရုံးသို့လူကိုယ်တိုင်သွားရောက်ယူထားသော/ကွန်ပျူတာနှင့်ပုံနှိပ်ထုတ်ထားသောလျှောက်လွှာစာရွက်)နှင့်လတ်တလောနှစ်နှစ်အတွင်းရိုက်ထားသောရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓာတ်ပုံ(၁)ပုံ(ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်လျှောက်ထားသည့်ဓာတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။) 2.နိုင်ငံမဲ့ဖြစ်ကြောင်း၊နဂိုမူလနိုင်ငံသားအဖြစ်မှစွန့်လွှတ်ပြီးကြောင်းစာရွက်စာတမ်း(သို့)နိုင်ငံသားဆိုင်ရာအက်ဥပဒေပုံစံ(၉)နှင့်အညီနိုင်ငံခြားရေးရာဌာနမှစစ်ဆေးပြီးဖြစ်သောမှန်ကန်ကြောင်းအထောက်အထားစာရွက်စာတမ်း 3. သက်တမ်းကျန်ရှိသေးသော တရားဝင် နိုင်ငံခြားသား နေထိုင်ခွင့် (သို့) နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်မှတ်ပုံတင် 4. နိုင်ငံခြားသားနေထိုင်ခွင့်လက်မှတ်(ထိုင်ဝမ်နိုင်ငံ၌သတ်မှတ်ထားသောတရားဥပဒေပုဒ်မ(၄)နှင့်ပုဒ်မ(၆)ရှိဖော်ပြထားသောစည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီမှုရှိရမည်။) 5. ထိုင်ဝမ်နိုင်ငံတွင် ဘဝရပ်တည် နေထိုင်နိုင်ကြောင်း လုံလောက်သော ရပ်တည်နိုင်စွမ်း(သို့) ကိုယ်ပိုင် အသက်မွေးနိုင်မှုသည်အထောက်အထား (နိုင်ငံတွင်းမွေးထားသည့်ဥပဒေအမှတ်စဉ်(၇)နှင့်ကိုက်ညီမှုရှိရမည်၊နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်မှတ်ပုံတင်ရရှိပြီးသူဖြစ်လျှင်နိုင်ငံသားအဖြစ်လျှောက်ထားသည့်အခါအဆိုပါအထောက်အထားပေးရန်မလိုအပ်ပါ။) 6.ထိုင်ဝမ်နိုင်ငံသားခံယူမည့်သူ၏နိုင်ငံတွင်းသုံးဘာသာစကားကျွမ်းကျင်မှုရှိမှုနှင့်နိုင်ငံသားတစ်ဦး၏အခွင့်အရေးနှင့်တာဝန်သိရှိနိုင်ငံသားတစ်ဦးလိုက်နာကျင့်ကြံနေထိုင်ရမည့်တာဝန်ဝတ္တရားသိရှိကြောင်းအထောက်အထားစာရွက်စာတမ်း။ 7.ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်နှင့်လက်ထပ်မှတ်ပုံတင်မှုပြီးအိမ်ထောင်စုစာရင်းမူရင်း(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်။ ထိုင်ဝမ်နိုင်ငံသားနှင့်လက်ထပ်သောအိမ်ထောင်ဖက်သည်ပြည်တွင်း၌အိမ်ထောင်စုစာရင်းမဝင်ရသေးလက်ထပ်မှတ်ပုံတင်လည်းမပြုလုပ်ရသေးသူဖြစ်လျှင် လက်ထပ်မှတ်ပုံတင်စာရွက်စာတမ်းပူးတွဲတင်ပြရမည်။ (ထိုအထောက်အထားသည်ပြည်ပမှဖြစ်လျှင်ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏အစစ်အဆေးခံရမည်၊တရုတ်ဘာသာမဟုတ်သောစာရွက်စာတမ်းများကိုပြည်ပရှိထိုင်ဝမ်နိုင်ငံရုံး(သို့)ပြည်တွင်းရှိရုံးတော်၏အစစ်အဆေးခံပြီးတရုတ်လိုဘာသာပြန်ထားသောထောက်ခံစာ)ထိုင်ဝမ်နိုင်ငံသားနှင့်နိုင်ငံခြားသားအိမ်ထောင်ဖက်နှစ်ဦးစလုံး၏အမျိုးသားမှတ်ပုံတင်၊ထိုင်ဝမ်နိုင်ငံတွင်း၌လက်ထပ်ပါက နိုင်ငံခြားသားအိမ်ထောင်ဖက်၏ ပြည်ပရှိထိုင်ဝမ်နိုင်ငံရုံး၏အစစ်အဆေးခံပြီးအိမ်ထောင်ရေးအခြေအနေပြတရုတ်လိုဘာသာပြန်ထောက်ခံစာ။ 8. လျှောက်လွှာခ NT$1,000 (ကျသင့်ငွေကို စာတိုက်မှတဆင့် လက်ခံသူ = ပြည်ထဲရေးဌာန "內政部" နာမည်ဖြင့် ငွေလွှဲပေးပါရန်) *လျှောက်ထားသူ၏နိုင်ငံအဝင်/အထွက်မှတ်တမ်း၊ပြစ်မှုကင်းရှင်းကြောင်းဆိုင်ရာမှတ်တမ်းနှင့်ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်၏ လက်ထပ်မှတ်ပုံတင်ပြီးသားအိမ်ထောင်စုစာရင်းတို့ကိုအိမ်ထောင်စုစာရင်းရုံးဌာနမှသက်ဆိုင်ရာအရာရှိမှစစ်ဆေးပါမည်။ * နိုင်ငံသားအဖြစ်လျှောက်ထားဆဲထောက်ခံစာရရှိပြီးသူဆိုလျှင် အမှတ်စဉ် ၁ မှ ၃ အထိနှင့်အမှတ်စဉ် ၈ တို့တွင်ဖော်ပြထားသော စာရွက်စာတမ်းများကိုသာပေးရပါမည်။
ထိုင်ဝမ်နိုင်ငံတွင် နေထိုင်ခွင့်လျှောက်ထားခြင်း	ပြည်ထဲရေးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးရုံးခွဲ အသီးသီး	1. ထိုင်ဝမ်နိုင်ငံတွင်နေထိုင်ခွင့်လျှောက်ထားခြင်း အတွက်လျှောက်လွှာတစ်စုံ၊ ရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓာတ်ပုံ(၁)ပုံကပ်ပေးရပါမည်။ (ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်လျှောက်ထားသည့်ဓာတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။) 2. ထိုင်ဝမ်နိုင်ငံသားအဖြစ်လျှောက်ဆဲထောက်ခံစာမူရင်းနှင့်မိတ္တူ (မူရင်းကို စစ်ဆေးမှု ပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်။) 3.နိုင်ငံခြားသားနေထိုင်ခွင့်မှတ်ပုံတင်မူရင်းနှင့်မိတ္တူ (မူရင်းကို စစ်ဆေးမှု ပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်။) 4.လက်ထပ်မှတ်ပုံတင်မှုကိစ္စလုပ်ဆောင်မှုအပြီးရယူထားသော အိမ်ထောင်စုစာရင်း(သို့)အမျိုးသားမှတ်ပုံတင် (မူရင်းကိုစစ်ဆေးမှုပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်။) 5.လျှောက်လွှာခ NT$ 1000
ထိုင်ဝမ်နိုင်ငံတွင်အမြဲတမ်းနေထိုင်ခွင့်လျှောက်ထားခြင်း (နေထိုင်ခွင့်ရသည့်ရက်မှစ၍နိုင်ငံမှလုံးဝထွက်ခွာခြင်းမပြုဘဲနိုင်ငံအတွင်း၌တစ်နှစ်တိတိဆက်တိုက်နေထိုင်ခြင်း(သို့) တစ်နှစ်လျှင်ရက်ပေါင်း ၂၇၀နှင့်အထက်နှစ်ဖြင့် ၂နှစ်ဆက်တိုက်(သို့)တစ်နှစ်လျှင်ရက်ပေါင်း၁၈၃နှင့်အထက်နှစ်ဖြင့်နေထိုင်မှု၅နှစ်ရှိသူမှသာလျှင်လျှောက်ထားနိုင်ပါသည်)	ပြည်ထဲရေးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးရုံးခွဲ အသီးသီး	1.အမြဲတမ်းနေထိုင်ခွင့်လျှောက်လွှာတစ်စုံ၊ရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓာတ်ပုံ(၁)ပုံကပ်ပေးရပါမည်။ (ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်လျှောက်ထားသည့်ဓာတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။) 2. ထိုင်ဝမ်နိုင်ငံနေထိုင်ခွင့်မှတ်ပုံတင် 3.ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်၏အိမ်ထောင်စုစာရင်း(သို့)အမျိုးသားမှတ်ပုံတင်မူရင်းနှင့်မိတ္တူ (မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်။) (အကယ်၍လင်မယားကွာရှင်းပြတ်စဲပြီးသူဖြစ်ပါကပြသရန်မလိုအပ်ပါ။) 4.လတ်တလောသုံးလအတွင်းကျန်းမာရေးဆေးစစ်မှုအောင်မြင်ကြောင်းထောက်ခံစာ(နိုင်ငံတော်ကျန်းမာရေးဌာနကသတ်မှတ်ထားသောဆေးရုံတွင်ဆေးစစ်မှုခံယူရမည်၊ ထိုအပြင်ကျန်းမာရေးဆေးစစ်ရန်ပေးသားတွင်ပါရှိသော စာရင်းများအတိုင်းဆေးစစ်မှုခံယူရမည်။) 5. အခြားသောစာရွက်စာတမ်း ဥပမာ- အကယ်၍လျှောက်ထားသူသည်ထိုင်ဝမ်အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်သူနှင့်ကွာရှင်းပြတ်စဲသည်ရှိသော် အိမ်ထောင်စုစာရင်းရုံးသို့ အိမ်ထောင်စုစာရင်းထဲ၌ဖော်ပြပါရှိသောနေရပ်၏ အခွန်ဆောင်စာရွက်စာတမ်းသို့မဟုတ်အိမ်အငှားစာချုပ်မူရင်းတစ်စုံနှင့်မိတ္တူတစ်စုံပေးရမည်။(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ပါမည်။) 6. ပြန်လည်ပေးပို့ရမည့်လိပ်စာလူနာမည်အပြည့်အစုံရေးသားပြီး Registered စာအိတ်ပါပေးရန် 7. လျှောက်လွှာခ NT$ 600.
အိမ်ထောင်စုစာရင်းဝင်ခြင်းနှင့် ထိုင်ဝမ်နိုင်ငံအမျိုးသား မှတ်ပုံတင်ထုတ်ယူခြင်း	နေထိုင်သည့်နေရပ်နှင့် သက်ဆိုင်သောအိမ်ထောင်စု မှတ်ပုံတင်စာရင်းဌာန	1.လျှောက်ထားသူထံသို့အမြဲတမ်းနေထိုင်ရေးလျှောက်ထားရန်အတွက်ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိလူဝင်မှုကြီးကြပ်ရေးရုံးမှအကြောင်းကြားပါမည်။ 2.အိမ်ထောင်စုစာရင်း(အိမ်ထောင်စုစာရင်းထဲ၌နာမည်တစ်ဦးသာပါရှိလျှင်အိမ်ထောင်စုစာရင်းပြသရန်မလိုအပ်ပေ၊သို့သော်တစ်ဦးတည်းနာမည်ပေါက်အိမ်ပိုင်ဆိုင်မှုသက်သေအထောက်အထားပြသနိုင်ရမည်။) 3.လတ်တလောနှစ်နှစ်အတွင်းရိုက်ထားသောရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓာတ်ပုံ(၁)ပုံ (ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်လျှောက်ထားသည့်ဓာတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။ website: http://www.ris.gov.tw/ တွင်ဖတ်ရှုရန်) 4. ပထမအကြိမ်အိမ်ထောင်စုစာရင်းမှတ်ပုံတင်ခြင်းအတွက် NT$30 နှင့် ပထမအကြိမ် အမျိုးသားမှတ်ပုံတင်ခြင်းအတွက် NT$50 *လျှောက်ထားသူသည်အိမ်ထောင်စုမှတ်ပုံတင်ရုံး၌အိမ်ထောင်စုစာရင်းထဲအမည်စာရင်းတင်သွင်းပြီးစီးပါကထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်ထုတ်ယူရန်အတွက်ဆက်လက်လျှောက်ထားနိုင်ပါပြီ။ လိုအပ်ချက်အသေးစိတ်ကိုသက်ဆိုင်ရာမြို့နယ်အိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာနသို့စုံစမ်းမေးမြန်းနိုင်ပါသည်။